COMMENTARY
www.salweeninstitute.org
THE SALWEEN INSTITUTE
*for* Public Policy

# ကိုးရီးယား သမ္မတနိုင်ငံ REPUBLIC OF KOREA ရဲ့ ကိုးဗစ် ၁၉ ကူးစက်ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေး စီမံဆောင်ရွက်ချက်များ

ပြုစုရေးသားသူ - ရှိုင်းကိုကိုလွင်

ကမ္ဘာ့တဝှမ်းနိုင်ငံတွေရဲ့ မြို့တော်ကြီးများ၊ ရပ်ကွက်ကြီးများ ဆက်လက်ပိတ်ထားရဆဲဖြစ် ပေမယ့် တောင်ကိုရီးယားနိုင်ငံရဲ့ လမ်းတွေပေါ်မှာတော့ လူတွေ ပုံမှန်အတိုင်း ပြန်လည် သွားလာ လှုပ်ရှားနေကြပါတယ်။

ကိုးရီးယား သမ္မတနိုင်ငံဟာ ကနဦးအချိန်မှာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း ထိန်းချုပ်နိုင်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ တခြားနိုင်ငံတွေလို ပြန်ဖွင့်လိုက်တာနဲ့ ရောဂါကူးစက်ပြန့်ပွားမှုနှုန်း ပြန်လည်မြင့်တက်လာလေမလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေ ရှိခဲ့ပေမဲ့ ကိုရီးယားနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က သင်ယူလိုက်ရတဲ့ သင်ခန်းစာကြီးကြောင့် အခြေအနေတွေ လုံးလုံးလျားလျား မတူတာ တွေ့ရပါတယ်။

အဲဒီသင်ခန်းစာကတော့ ၂၀၁၅ ခုနှစ်မှာ အရှေ့အလယ်ပိုင်းဒေသက စတင်ကူးစက်ပြန့်ပွားခဲ့တဲ့ MERS ရောဂါဖြစ်ပါတယ်။ လက်ရှိ ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်နဲ့ ကူးစက်ပြန့်ပွားမှုပုံစံ တူပေမဲ့လဲ သေဆုံးသူဦးရေက ၃၆ ဦးပဲ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်ပြန့်ပွားမှုက အတည်ပြုလူနာ ၁၀,၈၂၂ ဦးရှိပြီး သေဆုံးသူဦးရေ ၂၅၆ ဦး ရှိခဲ့ပါတယ်။

သေဆုံးသူဦးရေ အများကြီးရှိခဲ့ပေမယ့် လက်ရှိအချိန်မှာ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ထားနိုင်ပြီး ပြန်လည်သက်သာလာသူဦးရေ ၉,၅၈၄ ဦးရှိပါတယ်။ ကူးစက်ခံရသူအားလုံးရဲ့ ၈၀% ပြန်လည် သက်သာလာတာဖြစ်ပါတယ်။ ရောဂါစတင်ဖြစ်ပွားချိန်မှာ အထိနာခဲ့ပေမယ့် အခုအချိန်မှာ အခြေအနေတွေ ပြန်လည်တည်ငြိမ်လာပြီဖြစ်တဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ သင်ခန်းစာတွေ၊ အတွေ့အကြုံတွေကို သုံးသပ်တင်ပြလိုက်ရပါတယ်။



လက်ရှိအတည်ပြုလူနာ အရေအတွက်

၁၀၈၂၂ ဦး

အတည်ပြုပိုးတွေ့လူနာ

၂၅၆ ဦး

သေဆုံးသူ

## လွှတ်တော်ရဲ့ ဥပဒေဆိုင်ရာ တုံ့ပြန်မှု (Legislative Response)

ကိုရီးယားနိုင်ငံရဲ့ လွှတ်တော်ကနေပြီး ၂၀၁၅ ခုနှစ် ကူးစက်ရောဂါပြန့်ပွားမှု ကြိုတင်ကာကွယ်တားဆီးရေး ဥပဒေ (The Infectious Disease Prevention Act of 2015) ကို ပြဌာန်းခဲ့ပါတယ်။ ဒီဥပဒေဟာ ပုဂ္ဂလဆိုင်ရာ လွတ်လပ်မှုကို ထိခိုက်တဲ့အချက်တချို့ ပါဝင်နေတာကြောင့် လူ့အခွင့်အရေးရှုထောင့်ကနေကြည့်မယ်ဆိုရင် အငြင်းပွားဖွယ် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၅ ခုနှစ်ထဲမှာပင် ဒီဥပဒေကို အတည်ပြုပြဌာန်းခဲ့တယ်။ အခုလက်ရှိ အချိန်မှာ ဒီဥပဒေဟာ အမှန်တကယ်ဘဲ အသက်ဝင်နေပြီဖြစ်ပါတယ်။

၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ပိုးတွေ့လူနာ စတင်အတည်ပြုခဲ့ပြီး မတ်လ ၁ ရက်နေ့မှာ ရောဂါကူးစက်ပြန့်ပွားမှုနှုန်း တရိပ်ရိပ်မြင့်တက်လာခဲ့ပေမယ့် နောက်ပိုင်းမှာ သိသိသာသာ ကျဆင်းသွားပြီး အခုလို တည်ငြိမ်နေတဲ့ အခြေအနေအထိ ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုလို ထိရောက်တဲ့ တုံ့ပြန်မှုတွေ လုပ်ဆောင်နိုင်ခဲ့ရတဲ့ အကြောင်းအရင်းကတော့ အဆိုပါ ဥပဒေမှာ ထည့်သွင်းပြဌာန်းထားတဲ့ လူမှုကင်းကွာမှုများ social distancing၊ နောက်ယောက်ခံ စောင့်ကြည့်ခြင်း contact tracing၊ သီးခြားကန့်သတ်နေထိုင်ခြင်း Quarantine စတာတွေကြောင့်ဖြစ်ပါတယ်။

The Personal Information Protection Act (PIPA) လို့ခေါ်တဲ့ ပုဂ္ဂလအချက်အလက်များ ကာကွယ်ရေး ဥပဒေကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလအတွင်းမှာ အလျင်အမြန် ပြင်ဆင်ဖြည့်စွက်ပြဌာန်းခဲ့ပြီး ပြည်သူလူထုအနေနဲ့ ကူးစက်ရောဂါ ကုသပြီးစီးပြီး ၁၄ ရက်နောက်ပိုင်းမှာ သိမ်းဆည်းထားတဲ့ အချက်အလက်တွေကို ဖျက်သိမ်းပေးနိုင်ဖို့ အတည်ပြုပေးခဲ့ပါတယ်။ ဒါဟာ အများပြည်သူတွေ အစိုးရနဲ့ ယုံကြည် စိတ်ချစွာ ပူးပေါင်းပါဝင်နိုင်စေဖို့ ဆောင်ရွက်မှုတစ်ရပ် ဖြစ်ပါတယ်။

ဒါ့အပြင် လွှတ်တော်ကနေပြီး ဘာသာရေးဆိုင်ရာ အခမ်းအနားတွေ ကျင်းပတာကို လက်ရှိကာလအတွင်း မကျင်းပဖို့ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ပါတယ်။ လူမှုဖူလုံရေးနဲ့ လုံခြုံရေးအစီအမံတွေကိုလည်း လွှတ်တော် မရုပ်သိမ်းခင်ကာလအတွင်း အချိန်နဲ့ တပြေးညီ ချမှတ်ပေးတာတွေ ဆောင်ရွက်ခဲ့တယ်။ ဒီလိုအချက်တွေကို ပြန်ပြီးသုံးသပ်ကြည့်မယ်ဆိုရင် အရေးပေါ်ကာလ ကျရောက်လာတဲ့အချိန်မှာ မှန်ကန်တဲ့ ဥပဒေဆိုင်ရာ တုံ့ပြန်မှု (Legislative responses) တွေကို တောင်ကိုရီးယားနိုင်ငံရဲ့ လွှတ်တော်က လုပ်ဆောင်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ပထမအဆင့် ကြိုတင်ပြင်ဆင်မှုနဲ့ ဒုတိယအဆင့် အရေးပေါ်အခြေအနေအတွက် ဥပဒေဆိုင်ရာ တုံ့ပြန်မှုတွေ လုပ်နိုင်ခဲ့တာဟာ အားရကျေနပ်စရာ ကောင်းလှပါတယ်။

## အစိုးရ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်၏ ဦးဆောင်မှု (Executive Responses)

ကိုရီးယားနိုင်ငံရဲ့ အစိုးရကတော့ ၂၀၁၅ ခုနှစ် MERS ရောဂါ ကူးစက်ပြန့်ပွားမှု အပြီးမှာ နိုင်ငံတကာနဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်မာရေးနဲ့ လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်တွေကို တိုးမြင့်လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် အရေးပေါ်အခြေအနေတွေမှာ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားတွေ တုံ့ပြန်မှုပိုမိုအားကောင်းစေဖို့လည်း ပြင်ဆင်ဖွဲ့စည်းတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် အတွင်းမှာလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) နဲ့ ရေရှည် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာတွေ ရေးဆွဲချမှတ်နိုင်ခဲ့ပါတယ်။ ဒီလိုကြိုတင် ဆောင်ရွက်ခဲ့မှုတွေကြောင့် အခုလို ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုကြီး ဖြစ်လာတဲ့အခါ ထိရောက်လျင်မြန်စွာနဲ့ တုံ့ပြန်နိုင်ခဲ့ပါတယ်။

ရောဂါကူးစက်ပြန့်ပွားမှုကို အလျင်အမြန်စစ်ဆေးနိုင်ဖို့ ကုမ္ပဏီ ၄ ခုကို ရောဂါ စစ်ဆေးပိုင်ခွင့် ချမှတ်ပေးခဲ့ပြီး ရောဂါကူးစက်ခံနေရသူတွေကို အလျင်အမြန် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ပြည်သူ့ဆက်ဆံရေးလမ်းကြောင်းတွေကို စတင်မိတ်ဆက်ပြီး TRUST လို့ခေါ်တဲ့ ကူးစက်ရောဂါပြန့်ပွား မှု တုံ့ပြန်ရေး စီမံချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနကနေ တစ်ဆင့် ထုတ်ပြန်ခဲ့တယ်။




- Transparency (ပွင့်လင်းမြင်သာမှု)
- Robust Seeing and Quarantine (အင်တိုက်အားတိုက် စောင့်ကြည့်ခြင်းနှင့် ကန့်သတ်နေထိုင်ခြင်း)
- Unique but Universally-applicable (တစ်မူထူးခြားသော်လည်း နေရာအားလုံးမှာ အသုံးပြုနိုင်ခြင်း)
- Strict Control (တင်းကျပ်စွာ ထိန်းချုပ်ခြင်း)
- Treatment (ကုသမှုပေးခြင်း)

ဒီစီမံချက်အတိုင်းအတိုင်း အောက်ဆုံးအဆင့် ဒေသန္တရအစိုးရတွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ လုပ်ဆောင်ခဲ့တယ်။ ထူးခြားတာကတော့ ရောဂါကူးစက်မှု စတင်ဖြစ်ပွားပြီး၊ ကူးစက်မှုနှုန်းအမြင့်ဆုံးဖြစ်တဲ့ Daegu မြို့တော်ကို ကျန်းမာရေးဝန်ကြီးကိုယ်တိုင် စောင့်ကြည့်ကိုင်တွယ်လုပ်ဆောင်ခဲ့တယ်။

ဒ့ါအပြင် နိုင်ငံသား၊ နိုင်ငံခြားသားဆိုပြီး ခွဲခြားထားခြင်းမရှိဘဲ ရောဂါကူးစက်မှု နောက်ကြောင်းရာဇဝင်ကို ဖော်ထုတ်ခြင်း၊ အခမဲ့ ရောဂါစစ်ဆေးခြင်းနဲ့ ကုသပေးခြင်းတွေကိုလည်း ဆောင်ရွက်ပေးခဲ့တယ်။ ဝင်ငွေနည်းတဲ့ ရောဂါကူးစက်ခံရသူတွေနဲ့ စောင့်ကြည့်ခံ လူတွေရဲ့ မိသားစုတွေကို ထောက်ပံ့ငွေအဖြစ် အမေရိကန်ဒေါ်လာ ၄၀၀ ကနေ ၁,၃၀၀ အထိ သတ်မှတ်ထောက်ပံ့ခဲ့တယ်။




၂၀၂၀၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ကိုရိုနာဗိုင်းရပ်စ် အသစ်ကူးစက်ခံထားရသည်ဟု သံသယရှိနေသူများမှ တောင်ကိုရီးယားနိုင်ငံ၊ ဒေဂူမြို့တော်ရှိ ဆေးဘက်ဆိုင်ရာ စင်တာတစ်ခုတွင် ဆေးစစ်မှု ခံယူရန် စောင့်ဆိုင်းနေကြစဉ်။
*Credit: Lee Moo-ryul/Newsis via AP*

ဒေသန္တရအစိုးရအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုတွေကို မြင့်တင်ဆောင်ရွက်ကြပါတယ်။ Daegu မြို့တော်မှာ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း အရမ်းမြင့်ခဲ့တဲ့အချိန်မှာ အိမ်နီးနားချင်းမြို့ဖြစ်တဲ့ Gwanju မြို့ရဲ့ အစိုးရက ကျန်းမာရေးနဲ့ ဆေးဝါးအထောက်အကူပြု ဝန်ထမ်းတွေကိုစေလွှတ်ပြီး အင်အားဖြည့်ပေးခဲ့တယ်။ ဒါ့အပြင် သက်ဆိုင်ရာ ဒေသန္တရအစိုးရတွေကလည်း ဗဟိုအစိုးအရနဲ့ အနီးကပ် ကူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ လိုက်နာရမယ့် အချက်တွေကို သက်ဆိုင်ရာဒေသတွေများ ပညာပေး၊ ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတယ်။

## ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် တုံ့ပြန်မှု (People Responses)

ဒီလို ကူးစက်ရောဂါပြန့်ပွားမှု အရေးပေါ်အခြေအနေတွေမှာ အများပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှုက အလွန်အရေးကြီးပါတယ်။ သူတို့ရဲ့ ပုဂ္ဂလဆိုင်ရာ သတင်းအချက်အလက်တွေ၊ သွားလာလှုပ်ရှားမှုတွေကို ကျန်းမာရေးဆိုင်ရာ အရာရှိတွေထံ ပေးအပ်ထားရတာတွေ ရှိပါတယ်။ ဒါ့အပြင် စောင့်ကြည့်ခံရမှု Surveillances နဲ့ သူတို့နဲ့ ပြောဆိုဆက်သွယ်ခဲ့တဲ့သူတွေရဲ့ ဖုန်းနံပါတ်တွေ ပေးအပ်ရပါတယ်။

ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံအခွင့်အရေးတွေကို ချိုးဖောက်ဆန့်ကျင်ပေမဲ့ အစိုးရနဲ့ ပြည်သူအကြား အပြန်အလှန် ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ တွေ့ရပါတယ်။ အစိုးရအဆင့်အဆင့်ရဲ့ ညွှန်ကြားချက်တွေကို သေချာစွာလိုက်နာခြင်းဖြင့်လည်း ပူးပေါင်းဆောင်ရွက် ကြပါတယ်။ ဒါကတော့ ပြည်သူလူထုအနေနဲ့ MERS ရောဂါ ကူးစက်ပြန့်ပွားခဲ့စဉ်တုန်းက ရခဲ့တဲ့ သင်ခန်းစာတွေကြောင့် ပူးပေါင်းပါဝင်မှုတွေ ပိုမိုအားကောင်းစေခဲ့ပါတယ်။

ထူးခြားချက်တစ်ခုကတော့ ကူးစက်ရောဂါပြန့်ပွားမှုနှုန်း မြင့်တက်နေတဲ့ကာလအတွင်းမှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့တာကိုလည်း တက်ကြွစွာ ပါဝင်ခဲ့ကြပါတယ်။ ရောဂါပိုး ကူးစက်နိုင်ချေ မြင့်မားနေခဲ့ပေမယ့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေ၊ သတင်းပေးပို့ချက်တွေကို လေးစားလိုက်နာပေးခြင်းဖြင့် အစိုးရနဲ့ပြည်သူအကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးတွေ ထိပါးနောက်ယှက်မှုမဖြစ်အောင် အတတ်နိုင်ဆုံး စီမံဆောင်ရွက်ခဲ့ပါတယ်။

Covid 19 ကာလအတွင်း တင်းကျပ်သော အစီအမံများနှင့် ရွေးကောက်ပွဲများအတွင်း ဆန္ဒမဲများကို ရေတွက်နေစဉ် (ဘီဘီစီ၊ ၂၀၂၀ ခု ဧပရယ် ၁၆ ရက်နေ့)



# အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍနဲ့ တုံ့ပြန်မှု (CSOs/CBOs Responses)

အရပ်ဘက်အဖွဲ့အစည်းတွေကတော့ အစိုးရရဲ့ မူဝါဒနဲ့ အကောင်အထည်ဖော်ဆောင်နေတဲ့လုပ်ငန်း တွေကို စောင့်ကြည့်လေ့လာရေးကဏ္ဍမှာ အဓိက ပါဝင်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ် MERS ရောဂါ အတွေ့အကြုံတွေကို အခြေခံပြီး အစိုးရရဲ့ မူဝါဒတွေ၊ အကောင်အထည်ဖော်ဆောင်မှုတွေ ထိရောက်မှု ရှိ/မရှိ စဉ်ဆက်မပြတ် စောင့်ကြည့်ပေးနိုင်ခဲ့တယ်။ မသန်စွမ်းတွေ၊ အိမ်ခြေမဲ့တွေ၊ ဆင်းရဲသားတွေအတွက် လိုအပ်ချက်တွေကို ဆန်းစစ်လေ့လာပြီး၊ လိုအပ်ချက်တွေကို ထောက်ပြအကြံပြုကြတာ တွေ့ ရပါတယ်။

မတ်လ ၁၉ ရက်နေ့မှာ အရပ်ဘက်အဖွဲ့အစည်းပေါင်း ၄၀ ကျော်တို့က ပူးတွဲထုတ်ပြန်ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်ထဲမှာ ရောဂါကူးစက်မှုကြောင့် ကုသမှုခံယူနေရတဲ့သူတွေ အပြင် ထိခိုက်လွယ်တဲ့ အခြေခံလူတန်းစားများအတွက်ပါ အစိုးရအထောက်အပံ့များ ရရှိရေး၊ ပြည်သူပိုင် ဆေးရုံတွေမှာ ဝန်ဆောင်မှုတွေ တိုးမြှင့်ပေးရေး၊ အလုပ်သမားတွေအတွက် လူမှုဖူလုံရေး အထောက်အပံ့တွေ ပေးဝေရေး၊ ရပ်ရွာအခြေပြု ကျန်းမာရေးစနစ် တည်ဆောက်ရေး၊ အခြားဆေးဝါး အထောက်အပံ့တွေ ရရှိရေးတို့ကို တောင်းဆိုခဲ့ကြတယ်။ ဒ့ါအပြင် သတင်းမီဒီယာတွေကိုလဲ လူမျိုးရေး ခွဲခြားတဲ့၊ လူအစုအဖွဲ့တွေကို အုံကြွမှုဖြစ်စေမယ့် အကြောင်းအရာတွေ ရေးသားဖြန့်ဝေခြင်းမလုပ်ဖို့လည်း တောင်းဆိုခဲ့ပါတယ်။

ဒီလို ထောက်ပြတောင်းဆိုချက်တွေကြောင့် အစိုးရက တရားမဝင် အလုပ်သမားတွေကို ဆေးစစ်ပေးခြင်း၊ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေကို အရေးပေါ် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ ရေရှည်မှာလည်း လူမှုဖူလုံရေးကိစ္စရပ်တွေကို ဆက်လက်လုပ်ဆောင်နိုင်ဖို့ စီမံကိန်းချမှတ်တာတွေ တွေ့ရပါတယ်။ ဒီလိုနည်းနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက အစိုးရရဲ့ လုပ်ငန်းစဉ်တွေ ပိုမိုထိရောက်အောင်မြင်စေဖို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်မှု အများအပြားကူးစက်ခံပြီဟု အတည်ပြုပြီးနောက်၊ ဒေကူမြို့တော် တစ်နေရာရှိ ဈေးတစ်ခုတွင် ကာကွယ်ဆေးများ လိုက်လံဖြန့်ပက်နေစဉ်။ (၂၀၂၀ ခုနှစ် မတ်လ ၁၂ ရက်နေ့)
Credit: Yonhap, via Agence France-Presse — Getty Images



# နိဂုံး

ခြုံငုံသုံးသပ်မယ်ဆိုရင် ကိုရီးယားနိုင်ငံဟာ ၂၀၁၅ ခုနှစ် MERS ရောဂါ ကူးစက်ပြန့်ပွားခဲ့စဉ်တုန်းက ရရှိခဲ့တဲ့ သင်ခန်းစာကောင်းတွေကို အကျိုးရှိရှိ အသုံးချနိုင်ခဲ့ပါတယ်။ အခုလို ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေးမှာလွှတ်တော်၊ အစိုးရ၊ ပြည်သူလူထုနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေအားလုံး မိမိတို့ရဲ့ ကျရာတာဝန်တွေကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ နည်းမှန်လမ်းမှန် တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် တည်ငြိမ်တဲ့ အခြေအနေကောင်းကို ဖန်တီးနိုင်ခဲ့တာဖြစ်ပါတယ်။

လွှတ်တော်ရဲ့ ဥပဒေနည်းကျတုံ့ပြန်နိုင်မှု၊ အဲဒီဥပဒေတွေကို အစိုးရက ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်နိုင်မှု၊ ပြည်သူလူထုရဲ့ တက်ကြွတဲ့ ပူးပေါင်းပါဝင်မှု၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ စေ့စပ်တဲ့ ဝေဖန်ထောက်ပြမှုတွေ အားလုံးဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်စေမယ့် အခြေအနေကောင်းတွေ ဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ရောဂါကို လုံးဝဥဿုံ အမြစ်ပြတ်တိုက်ဖျက်နိုင်ဖို့ဆိုရင်တော့ တခြားနိုင်ငံတွေရဲ့ အခြေအနေနဲ့လည်းများစွာ ပတ်သက်ဆက်နွယ်နေပါတယ်။ ဒါ့အပြင် မေလ ၉ ရက်နေ့မှာ ရောဂါပိုးတွေ့ လူနာ ၃၄ ဦး ထပ်မံတွေ့ရှိခဲ့တဲ့အတွက် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းရဲ့အစ ဖြစ်တယ်လို့ တွက်ဆနေကြပါတယ်။ အဲဒါကြောင့် ပြည်သူလူထုကို စည်းကမ်းလိုက်နာရန်၊ လိုအပ်တဲ့ ကန့်သတ်ချက်တွေကို လိုက်နာရန် သမ္မတ မွန်ဂျေအင်ကိုယ်တိုင် တိုက်တွန်းနိုးဆော်ခဲ့ပါတယ်။ အခုလိုဒုတိယလှိုင်း ကူးစက်ပြန့်ပွားမှုကို ကိုးရီးယားနိုင်ငံအနေနဲ့ ဘယ်လိုဆက်လက်တုံ့ပြန်သွားမယ်ဆိုတာ ဆက်လက်လေ့လာစောင့်ကြည့်ပြီး သင်ခန်းစာယူသင့်ပါတယ်။


## ရည်ညွှန်းကိုးကား

https://www.jpmph.org/journal/view.php?number=1859

https://www.loc.gov/law/help/health-emergencies/southkorea.php

https://en.unesco.org/news/how-republic-korea-flattened-covid-19-curve-openness-transparency-and-democracy

https://pipc.go.kr/cmt/main/english.do

https://korea.assembly.go.kr:447/

https://www.prnewsonline.com/South+Korea-coronavirus-communication

https://www.japantimes.co.jp/opinion/2020/05/05/commentary/world-commentary/south-korea-stopped-covid-19-early/#.XromMGgzbIU

https://phmovement.org/phm-korea-statement-on-covid-19-outbreak-and-responses-in-south-korea/

https://www.koreatimes.co.kr/www/opinion/2019/11/137_182505.html

https://www.dw.com/en/south-korea-braces-for-second-wave-of-covid-19-pandemic/av-53384919

http://www.mofa.go.kr/eng/brd/m_5674/view.do?seq=320048&srchFr=&srchTo=&srchWord=&srchTp=&multi_itm_seq=0&itm_seq_1=0&itm_seq_2=0&company_cd=&company_nm=&page=1&titleNm=



**THE SALWEEN INSTITUTE *for* Public Policy**

သံလွင်ပြည်သူ့ရေးရာ မူဝါဒလေ့လာရေးအဖွဲ့ *(Salween Institute)* သည် လူမှုတရားမျှတရေး *(social justice)*၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိမှု *(environmental responsibilities)* နှင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးအရေးများကို အခြေခံသည့် ပြည်သူ့ရေးရာ မူဝါဒများပေါ်ပေါက်လာရေးအတွက် ယထာဘူတကျသည့် သုံးသပ်ချက်များနှင့် အနီးကပ်နည်းပညာ အထောက်အကူပြုခြင်းများ ရောစပ်ပြီး လူမှုအသိုင်းအဝိုင်းများကို စွမ်းရည်မြှင့်တင်ပေးနေသည့် အဖွဲ့ဖြစ်သည်။

*www.salweeninstitute.org*

*@thesipp*